(၄) **စပါးရွက်ညိုပြောက်ရောဂါ (Brown Spot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Helminthosporium oryzae* Breda de Haan**

**ရောဂါလက္ခဏာများ**

အရွက်ပေါ်တွင် အစက်ငယ်မှ နှမ်းစေ့အရွယ်၊ တစ်ခါတစ်ရံ (၁)စင်တီမီတာအရွယ်ရှိ သောဘဲဥပုံအညိုရောင်ပြောက်များ ညီညာစွာပြန့်ကြဲနေသည်ကိုတွေ့ရသည်။ အညိုရောင်အနားရစ်၊ မီးခိုး ရောင် ဗဟိုအကွက်သေးများတွေ့ရသည်။ အနှံခက်၏အဆစ်များကြားတွင် အညိုရောင် ရောဂါကွက် များတွေ့နိုင်သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

ရောဂါကင်းသောစိုက်ခင်းမှ မျိုးစေ့ကို ရွေးချယ်စိုက်ပါ။

- ရောဂါကျပင်ကြွင်းပင်ကျန်များနှင့် အခြားပေါင်းပင်များကို မီးရှို့ဖျက်ဆီးပစ်ပါ။
- ကျန်းမာသန်စွမ်းသော စပါးခင်းဖြစ်အောက်သဘာဝ မြေသြဇာ၊ ဓာတ်မြေသြဇာ၊ အနည်းလို အာဟာရဓာတ်များကို အချိုးညီညီသုံးစွဲပါ။ နိုက်တြိုဂျင် မြေသြဇာထည့် သော အကြိမ်တိုင်းတွင် ပိုတက်ရှ်နှင့် တီစူပါကို တွဲထည့်ပါ။
- ခံနိုင်ရည်ရှိသော စပါးမျိုးကို ရွေးချယ်စိုက်ပါ။
- စပါးစိုက်မြေကို မြေဆီသြဇာ တိုးတက်ကောင်းမွန်လာအောင် ပြုပြင်ဆောင်ရွက်ပေးခြင်း၊ ရေသွင်း၊ ရေထုတ်မှန်မှန်ပြုလုပ်ပေးခြင်း၊ သင့်တော်သောစိုက်ချိန်ကို ချိန်ဆ၍ စိုက်ပျိုးခြင်း စသော စိုက်ပျိုးနည်းစနစ်များကို စနစ်ကျမှန်မှန်ကန်ကန်ဆောင်ရွက်ပါ။
- အောက်ပါမှိုသတ်ဆေးများ ပက်ဖျန်းအသုံးပြုပါ။
    - Propiconazole (ပရိုပီကိုနာဇိုး)

    - Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)
    - Difenoconazole (ဒီဖီနိုကိုနာဇိုး)